# (၁၄) ကြိမ်မြောက်တရုတ်ပြည်နိုင်ငံတကာလယ်ယာကုန်စည်ပြပွဲ အောင်မြင်စွာကျင်းပပြီးစီး

နိုဝင်ဘာလ ၈ ရက်နေ့တွင် (၁၄) ကြိမ်မြောက် တရုတ်ပြည်နိုင်ငံတကာ လယ်ယာကုန်စည်ပြပွဲနှင့် (၁၂)ကြိမ်မြောက်ကူမင်းနိုင်ငံတကာ လယ်ယာကုန်စည်ပြပွဲ၏ သုံးသပ်ပွဲနှင့်ပိတ်ပွဲအခမ်းအနားကိုကူမင်းနိုင်ငံတကာ ကွန်ဗင်းရှင်းစင်တာတွင် ကျင်းပခဲ့သည်။

(၄)ရက်ကြာ ပြသရောင်းချခြင်းအားဖြင့် ယခုအကြိမ်လယ်ယာကုန်စည်ပြပွဲကို အောင်မြင်စွာကျင်းပပြီးစီးနိုင်ခဲ့သည်။ ယခုအကြိမ်လယ်ယာကုန်စည်ပြပွဲတွင် ယူနန်ပြည်နယ်နှင့် ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းများက ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်း(၁၅၃)ရပ်အတွက် လက်မှတ်ရေးထိုးခဲ့ပြီး စာချုပ်ပါတန်ဖိုးပမာဏစုစုပေါင်းမှာ ယွမ်ငွေ ၈၈. ၆၈၈ ဘီလီယံရှိသည်။

လက်မှတ်ရေးထိုးခဲ့သော စီမံကိန်းများအနက်ပြည်နယ်တွင်း ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း(၇၃)ရပ်ရှိပြီး စာချုပ်ပါရင်းနှီးမြှပ်နှံမှုတန်ဖိုး ပမာဏစုစုပေါင်း ယွမ်ငွေ၄၀. ၈၃၅ဘီလီယံရှိသည်။ ပြည်တွင်းပြည်ပမှ ယူနန်၌ ရင်းနှီးမြှပ်နှံရန် ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်း(၆၂)ရပ်ရှိပြီးစာချုပ်ပါရင်းနှီးမြှပ်နှံမှုတန်ဖိုးပမာဏစုစုပေါင်း ယွမ်ငွေ ၄၇. ၂၅၆ ဘီလီယံရှိသည်။ ကုန်သွယ်မှုဆိုင်ရာ စီမံကိန်း (၁၈)ရပ်ရှိပြီးစာချုပ်ပါ ရင်းနှီးမြှပ်နှံမှုတန်ဖိုးပမာဏစုစုပေါင်း ယွမ်ငွေ ၅၉၇ သန်းရှိသည်။ စုပေါင်းချုပ်ဆိုထားသောစီမံကိန်း(၆၄)ရပ်ရှိပြီး စာချုပ်ပါရင်းနှီးမြှပ်နှံမှုတန်ဖိုး ပမာဏစုစုပေါင်းယွမ်ငွေ ၆. ၆၄၇၈ ဘီလီယံ ရှိသည်။ ၎င်းအနက် ကူမင်းလယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုနှင့်ရင်းနှီးမြှပ်နှံမှု ကုမ္ပဏီလီမိတက်နှင့် ကွမ်ဒုံးပေါင်လိဥစ္စာခေ စီမံခန့်ခွဲမှု ကုမ္ပဏီလီမိတက်တို့သည် ကုန်းပြင်မြင့်ဒေသဝိသေသထူးခြားချက်ပါ မြို့ပြလယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေ ထူထောင်ရန် ပူးပေါင်းဆောင်ရွက်ရေးမူဘောင်သဘောတူညီချက် ချုပ်ဆိုခဲ့ပြီး စာချုပ်ပါတန်ဖိုး ပမာဏစုစုပေါင်းမှာ ယွမ်ငွေ ၁. ၈ ဘီလီယံရှိသည်။ ပေကျင်းယီဟွာပန်းမန်နည်းပညာလုပ်ငန်း ကုမ္ပဏီလီမိတက်နှင့် လုရှီးခရိုင်အစိုးရတို့သည် ယူနန်ကျင်ရုံလုရှီး အင်တာနက် ပန်းမန်စိုက်ပျိုးရေးစီမံကိန်းမူဘောင် သဘောတူညီချက်ချုပ်ဆိုခဲ့ပြီး စာချုပ်ပါတန်ဖိုးပမာဏစုစုပေါင်းမှာ ၆. ၆ ဘီလီယံရှိ သည်။



ယခုအကြိမ်ချုပ်ဆိုထားသော စီမံကိန်းများသည် ပြည်နယ်/မြို့(၁၂)ခုတို့နှင့် ဆက်နွယ်နေသည်။ ၎င်းအနက် ကွမ်ဒုံးပြည်နယ်၊ ပေကျင်းမြို့၊ စိချွမ်းပြည်နယ်၊ ကွေ့ကျိုးပြည်နယ်တို့သည် ရင်းနှီးမြှပ်နှံမှုပမာဏ အများဆုံးသောပြည်နယ်/မြို့များဖြစ်ကြသည်။ ချုပ်ဆိုထားသော စီမံကိန်းများမှာ အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ လယ်ယာထွက်ကုန်အချောကိုင်လုပ်ငန်း၊ စိုက်ပျိုးရေးဆိုင်ရာအခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးခရီးသွားလုပ်ငန်းစသည့်စိုက်ပျိုးရေးဆိုင်ရာ နယ်ပယ်များဖြစ်သည်။ ယူနန်ပြည်နယ် ကုန်းပြင်မြင့်ဒေသဝိသေသထူးခြားချက်ပါ ခေတ်မီစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့်ကိုက်ညီပြီး ကုန်ထုတ်လုပ်ငန်းအတွက် အရင်းအနှီးခေါ်ယူမှုသည် ပိုမိုထိရောက်နိုင်သည်၊ ပိုမိုအကျိုးသက်ရောက်နိုင်သည်။ တစ်ချိန်တည်းတွင် "အင်တာနက်+စိုက်ပျိုးရေး၊ သဘာဝဂေဟမွေးမြူရေး၊ အဆင့်မြင့်နည်းပညာ စိုက်ပျိုးရေးနှင့် အချောကိုင်လုပ်ငန်း၊ စိုက်ပျိုးခြံကုန်ထုတ်လုပ်ငန်းအဖြစ်ထုတ်လုပ်ခြင်းနှင့် ခရီးသွားလုပ်ငန်းတည်ဆောက်ခြင်း" တစ်ပါတည်းပါဝင်သောဒြပ်စင်များကိုခေါ်ယူ၍ ယူနန်ပြည်နယ်ကုန်းပြင်မြင့်ဒေသ ဝိသေသထူးခြားချက်ပါ ခေတ်မီစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောတွန်းအားပေးလောက်သည့် အခန်းထဲပါဝင်နိုင်မည်ဖြစ်သည်။

သတင်းထောက် - ဝမ်ဆုကျွမ်း

## ယူနန်တိုင်းရင်းရွာတွင်ဆင်ဘေဘီ "ဟွမ်းဟွမ်း" အသစ်ဖွား

ယခုရက်ပိုင်းတွင် ယူနန်တိုင်းရင်းရွာကျီရှန်းဥယျာဉ်တွင် ပိတိအဟုန်ဖြင့် ဝမ်းသာရွှင်မြူးလျက်ရှိသည်။ နိုဝင်ဘာလ ၅ရက်နေ့တွင် ရွာထဲမှအာရှဆင် "အမ်းအမ်း"သည် ဆင်မလေးတစ်ကောင်ကို မွေးဖွားခဲ့ကြောင်း၊ မွေးသစ်စဆင်ဘေဘီ၏အလေးချိန်မှာ ကီလိုဂရမ် ၈၀ခန့်ရှိပြီး လျှာထားချက်အရပ်ရပ်ပုံမှန်၍ "ဟွမ်းဟွမ်း"ဟု အမည်ပေးထားကြောင်း၊ မွေးဖွားပြီးသည့် နှစ်နာရီအတွင်း မေမေဆင်၏ ကူညီမှုအောက်တွင် သားသားဆင်က အောင်မြင်စွာရပ်လာပြီး ပထမလုတ်မြောက်သော အမေ့နို့ကိုပင်သောက်နိုင်ခဲ့ကြောင်း သိရသည်။

သတင်းထောက်သည် ယမန်နေ့က ယူနန်တိုင်းရင်းရွာရှိ ကျီရှန်းဥယျာဉ်တွင် ယင်းဆင်ဘေဘီ၏ "ရုပ်ချော"ကို ကိုယ်တိုင်တွေ့မြင်ခဲ့ရသည်။ ရိုးတိုးအတတဖြစ်ဟန်၊ ယိမ်းယိမ်းယိုင်ယိုင်လျှောက်လှမ်းသောခြေလှမ်း၊ ပရိသတ်များအတွက် ချစ်ဖွယ်ကောင်းပုံကို ပြသပေးခဲ့သည်။ သားအမိတို့အတွက် ပိုမိုကောင်းမွန်သော အာဟာရဓာတ်ထောက်ပံ့ပေးနိုင်ရန်ဥယျာဉ်ရှိ မွေးမြူရေးဝန်ထမ်းများသည် ၎င်းတို့အတွက် သကြားရေနှင့် သစ်သီးဝလံအမျိုးမျိုးကို အထူးကြိုတင်ပြင်ဆင်ပေးခဲ့သည်။ ထို့အတူ ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်နိုင်ရန် ဆင်နေဆောင်တွင် လျှပ်စစ်အနွေးပေးစက် (၄) လုံးကိုလည်းထားရှိခဲ့သည်။ ထို့ပြင် ဥယျာဉ်ရှိ ဝန်ထမ်းများက ဆင်သားအမိတို့၏ လုံခြုံရေးဆိုင်ရာအခြေအနေကို (၂၄)နာရီပတ်လုံး ကြီးကြပ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။



မိတ်ဆက်ခြင်းအရ ယခုအကြိမ်မွေးဖွားထားသော ဆင်ဘေဘီသည်ရွာတွင်အသစ်မွေးဖွားသော တတိယကောင်မြောက် အာရှဆင်ကလေးဖြစ်ကြောင်း၊ လက်ရှိတွင် ယင်းရွာတွင် အာရှဆင်(၉)ကောင်ရှိပြီး တစ်လတာသက်တမ်းပြည့်ပါက "ဟွမ်းဟွမ်း"သည် ခရီးသည်များနှင့်တွေ့ဆုံနိုင်မည်ဟုခန့်မှန်း ထားကြောင်း သိရသည်။

သတင်းထောက် - စူးဝင်

## ယူနန်လူငယ်ကိုယ်စားလှယ်အဖွဲ့သည် လာအို၊ မြန်မာသို့သွားရောက်လည်ပတ်

ယခုရက်ပိုင်းတွင် ယူနန်လူငယ်ကိုယ်စားလှယ်အဖွဲ့သည် လာအို၊ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

လာအိုနိုင်ငံ၌လည်ပတ်စဉ်အတွင်း လာအိုပြည်သူ့တော်လှန်ရေး လူငယ်များအဖွဲ့ချုပ်နှင့် ရင်းနှီးစွာဖလှယ်ခဲ့သည်။ နှစ်ဦးနှစ်ဖက်တို့သည် နှစ်နိုင်ငံလူငယ်များအကြား ပိုမိုဆက်ဆံဖလှယ်နိုင်ရန် အမြင်ချင်းဖလှယ်ခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံရန်ကုန်မြို့၌လည်ပတ်စဉ်အတွင်း မြန်မာနိုင်ငံNLD ပါတီလူငယ်ရေးရာ ဗဟိုကော်မတီနှင့် ရင်းနှီးစွာဖလှယ်ခဲ့ပြီး အနာဂတ်တွင် နှစ်နိုင်ငံလူငယ်များအကြား အပြန်အလှန်လည်ပတ်ခြင်း၊ ပူးပေါင်းဖလှယ်ခြင်းအတွက် ကောင်းမွန်သောအခြေခံအုတ်မြစ်ချမှတ်နိုင်ခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးလူငယ်ရေးရာအဖွဲ့သို့လည်း သွားရောက်ဂါရဝပြုခဲ့သည်။

ယခုအကြိမ်ချစ်ကြည်ရေးခရီးစဉ်သည် ယူနန်ပြည်နယ်လူငယ်များသမဂ္ဂနှင့် လာအို၊ မြန်မာနှစ်နိုင်ငံလူငယ်အဖွဲ့အကြားမှဆက်ဆံရေးကို တည်ထောင်ခိုင်မြဲစေပြီး လူငယ်များအကြားနားလည်မှုကိုတိုးမြှင့်စေခဲ့သည်။ အနာဂတ်တွင် ရင်းနှီးစွာဖလှယ်ရေး၊ လက်တွေ့ပူးပေါင်းဆောင်ရွက်ရေးအတွက် လမ်းကြောင်းဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ထို့အတူကွင်းဆင်းလေ့လာခြင်း၊ တွေ့ဆုံဆွေးနွေးခြင်းအားဖြင့် ယူနန်စီးပွားရေးလုပ်ငန်းများ အဆိုပါနှစ်နိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်နေမှုအခြေအနေ၊ တရုတ်အိုဗာစီနှင့် ပြည်ပအခြေစိုက်ရုံးခွဲမှ လူငယ်များ၏ လုပ်ငန်းဆိုင်ရာ၊ နေထိုင်မှုဆိုင်ရာ အခြေအနေတို့ကို ပိုမိုသိရှိခဲ့ပြီး လုပ်ငန်းဆိုင်ရာစီမံကိန်းကို ပြီးပြည့်စုံအောင် ဆောင်ရွက်ပေးရန်၊ ယူနန်လူငယ်များကို စည်းရုံးဦးဆောင်၍ တောင်အာရှ၊ အရှေ့တောင်အာရှသို့မျက်နှာမူသောဖြာထွက်မှုစင်တာ တည်ဆောက်ရေးတွင် တက်ကြွစွာပါဝင်စေရန်အတွက် အကျိုးရှိရှိ စူးစမ်းလေ့လာနိုင်ခဲ့သည်။

သတင်းထောက် - လီရှီးကျန်း

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝက်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn